## P.S.L.F/T.N.L.A မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ လူထုရှင်းလင်းပွဲနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

၈ ရက်၊ ဩဂုတ်လ၊ ၂၀၁၃ခုနှစ်

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် T.N.L.A မှ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်စပ်လျဥ်း၍ လူထုရှင်းလင်းပွဲတရပ်ကို ဩဂုတ်လ ၄ရက်နေ့ မန်တုံမြို့နယ် ဆိုင်လိန်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျင်းပပြုလုပ်ပြီး တအာင်းမိဘပြည်သူများ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။




လူထုရှင်းလင်းပွဲအခမ်းအနားတွင် P.S.L.F/ T.N.L.A အထွေထွေအတွင်းရေးမှူး ဒု-ဗိုလ်မှူးကြီး တားဘုန်းကျော် မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိစ္စများနှင့်စပ်လျဥ်း၍ T.N.L.A တောင်းဆိုချက်အချက်(၉)ချက်များနှင့်အတူ တအာင်းဒေသအတွင်းရှိ စီးပွားရေး၊ ကျန်မာရေး၊ ပညာရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲရလာဒ်များကို ရှင်းလင်းတင်ပြခဲ့ပြီး T.N.L.A စစ်ဦးချုပ် တားဟိုးပ္လွန်းမှလည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစီမံကိန်းများ၊ အမျိုးဘာသာ သာသနာနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းကာကွယ်ကြဖို့လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။




မန်တုံမြို့နယ်နှင့် နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာ ၃၀ ကျော်မှ လူဦးရေ ၁၀၀၀ကျော် လူထုရှင်းလင်းပွဲအခမ်းအနား တက်ရောက် လာကြပြီး မိဘပြည်သူများမှ ၎င်းတို့၏ ကျေးရွာအတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ ဆိုးဝါးနေသည့် မူးယစ်ဆေးဝါး အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး မေးခွန်းများကို T.N.L.A တာဝန်ရှိသူများမှ ပြန်လည် ဖြေကြားခဲ့ပါသည်။

မန်တုံမြို့နယ် ဆိုင်လိန်ကျေးရွာတွင် P.S.L.F/ T.N.L.A မှ ကျင်းပပြုလုပ်သည့် လူထုရှင်းလင်းပွဲအခမ်းအနားကို ၄ရက်နေ့ ဩဂုတ်လ နေ့လည် ၁၂ နာရီမှ ညနေ ၄နာရီအထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ လူထုရှင်း လင်းပွဲပြုလုပ်ပြီးနောက်တပြိုင်ထဲတွင် ဇူလိုင် ၃၁ ရက်နေ့တွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စပ်လျဥ်း၍ သတင်းစာရှင်းလင်းပွဲကိုပါ ကျင်းပပြုလုပ်ပြီ ၎င်းလူထုရှင်းလင်းပွဲအခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲကို ပြည်တွင်းသတင်းထောက်များမှ တက်ရောက်သတင်းယူခဲ့ကြောင်း သိရှိရပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန

P.S.L.F/T.N.L.A